# Android device များအတွက် MULTIPLAYER GAME 7 ခု




## ❶ Asphalt 6 : Adrenaline HD

ဒီ game ကို မကစားဖူးခင်အထိတော့ racing game တွေကို ကြိုက်မိမှာ မဟုတ်ပါဘူး။ Asphalt 6 က ကိုယ် ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်စေဖို့ အကောင်းဆုံးထုတ်လုပ်သူတွေဆီက car နဲ့ bike ၄၂ မျိုးကို ပြသထားမှာ ဖြစ်ပါတယ်။ Online က စိန်ခေါ်သူတွေနဲ့ ကစားနိုင်ပြီး သူငယ်ချင်းတွေကြားမှာလည်း ပျော်ရွှင်မှုကို ပေးစွမ်းနိုင်မယ့် ဒီ game ကို တစ်ဒေါ်လာဝန်းကျင်နဲ့ ရနိုင်ပါတယ်။ ကိုယ်ရဲ့ vehicle ကို customize လုပ်ပြီး event ၅၅ ခုကို ပြိုင်မောင်းသူ ၁၁ ယောက်နဲ့ ယှဉ်ပြိုင်ကာ leaderboard မှာ ကိုယ်ပါဖို့အရေး ကြိုးစားနိုင်ပါတယ်။ ■

## ❷ Modern Combat 3 : Fallen Nation

ကိုယ်က FPS gamer တစ်ယောက်ဆိုရင် Modern Combat 3 : Fallen Nation က အရင်က ကိုယ် ကစားဖူးတဲ့နာမည်ကြီး game နဲ့ ဆင်တူတာကို တွေ့ပါလိမ့်မယ်။ Touchscreen phone အများစုမှာ ကစားရတဲ့ free game အများစုလိုပဲ control အများစုက နည်းနည်း iffy ဖြစ်ပါတယ်။ GameLoft developer တွေက ဒါကို auto aim option ထည့်ပြီး ဖြေရှင်းပေးထားပါတယ်။ Character နဲ့ လက်နက်တွေကို ကိုယ့်စိတ်ကြိုက် customize လုပ်နိုင်ပြီး map ၆ ခု၊ modoe ၇ ခုပါတဲ့အတွက် player များများနဲ့ ကစားရင် ပိုအဆင်ပြေစေပါတယ်။ ■






## ❸ Pocket Legends

MMORPG ကို ကြိုက်နှစ်သက်သူအများစုကတော့ pocket legends ကို ရွေးချယ်စေချင်ပါတယ်။ Zombie တွေ၊ alien တွေနဲ့ တခြားရန်ပြုသူတွေကို တိုက်ခိုက်ပြီး Alterra ကမ္ဘာကို ကာကွယ်ဖို့ Warrior ၊ Archer၊ ဒါမှမဟုတ် Enchantress အဖြစ် ပါဝင်ကစားလို့ ရပါတယ်။ Game ကို free download ရနိုင်ပေမယ့် ပိုမြန်ပြီး ကစားလို့ပိုကောင်းအောင် in-game purchase ရှိပါတယ်။ ■

## ❹ Guerrilla Bob

Guerrilla Bob ရဲ့ ပထမဆုံးသတိထားမိစရာအချက်က တောက်ပတဲ့ အရောင်တွေနဲ့ chibi character တွေပဲဖြစ်ပြီး action amount နဲ့ firepower ကတော့ သာမန်ပါပဲ။ Metal Slug ရဲ့ အတိတ်ပုံစံဖြစ်တဲ့ Guerrilla Bob က level တွေ အများကြီးကြားထဲ run လို့ရစေပြီး ကိုယ့်ရန်သူတွေကို အနိုင်ယူဖို့ လက်နက်တွေအများကြီး ပါဝင်ပါတယ်။ ဒီ game က multiplayer တင်မက cross platform game လည်း ဖြစ်တာကြောင့် iPad၊ PC ဒါမှမဟုတ် MacBook သုံးတဲ့သူငယ်ချင်းတွေ ရှိရင်လည်း ချိတ်ဆက်ကစားနိုင်ပါတယ်။ ၂.၉၉ ဒေါ်လာတန် full version ရှိပါတယ်။ ■












## ❺ 2- Player Reactor

2 - player reactor က ကောင်းမွန်တဲ့ graphics အရည်အသွေးမရှိဘဲ online ပေါ်တက်ကစားဖို့လည်း မလိုပါဘူး။ ကိုယ်နဲ့အတူ ကစားပေးမယ့် လူတစ်ယောက်ရှိရင် ရပါပြီ။ Instruction တွေကလည်း ရိုးရှင်းပါတယ်။ သူ့ရဲ့ paid version ကတော့ လူ ၄ ယောက် ကစားနိုင်တာက လွဲလို့ ဘာမှပိုမကွဲပြားသွားပါဘူး။ ■

## ❻ Dungeon Defenders : Second Wave

ပထမတစ်ခုကလည်း အောင်မြင်ခဲ့တဲ့ Dungeon Defenders : Second Wave က RPG con-tower-defense-game ဖြစ်ပြီး platform ၄ မျိုးက player ၄ ယောက် ကစားနိုင်ဖို့ ခွင့်ပြုပါတယ်။ Android ၊ PC နဲ့ iOS device တွေမှာ Fighter၊ Archer ၊ Mage ၊ Monk စတဲ့ character တွေကို ရွေးချယ်လို့ ရပါတယ်။ ကိုယ်က PVP ထဲမှာဆိုရင် ၄.၉၉ ဒေါ်လာနဲ့ ပြိုင်ပွဲထဲဝင်ကစားလို့ ရစေမှာပါ။ ■












## ❼ Haypi Kingdom

ဒါက empire buliding / strategy game ဖြစ်ပါတယ်။ ဒီ game ရဲ့ static graphics နဲ့ အလွန်ရိုးရှင်းတဲ့ interface တို့ကြောင့် ပထမတော့ စိတ်ပျက်အားလျော့သွားစေပါလိမ့်မယ်။ ဘာမှဖြစ်မလာနိုင်ဘဲ တဝဲလည်လည်နဲ့ လုပ်စရာလည်း အနည်းငယ်သာရှိတာကြောင့် uninstall တောင် လုပ်ချင်သွားပါလိမ့်မယ်။ ကိုယ့်ရဲ့နိုင်ငံကို ဖွံ့ဖြိုးအောင် လုပ်ရပါမယ်။ ကိုယ့်ရဲ့ကောက်ပဲသီးနှံတွေဖြစ်ထွန်းရဲ့လားဆိုတာကို phone နဲ့ check လုပ်မိနေပြီဆိုရင်တော့ ဒီ game ကို အတော်လေးဆွဲနေပါပြီ။ ဒီလိုနဲ့ တစ်စတစ်စ game ထဲ ပျော်ဝင်သွားပါလိမ့်မယ်။ တခြားကစားဖက်တွေနဲ့ chat လုပ်နိုင်ပြီး line market ထဲမှာလည်း ကုန်ပစ္စည်းချင်း ဖလှယ်နိုင်ပါတယ်။ ■